# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၅ )    ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၄ |
| ၂။ | နိုင်ငံပိုင်သဘော်ာသိမ်းဆည်းခြင်းအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၅ |
| ၃။ | အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်နွှယ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက် (Pilot Project)အကောင်အထည်ဖော်ဆောင်ရွက်မှုများအကြောင်းသိကောင်းစရာ။ | ၆-၈ |
| ၄။ | ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် မြေငှားရမ်းကာလကို ၉၉ နှစ်ထိ တိုးမြှင့်ခွင့်ပြုနိုင်သည့်ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်း။ | ၉-၁၁ |
| ၅။ | New Jersey ၏ Gloucester မြို့နယ်တွင် ကလေးများသည် ဥပဒေချိုးဖောက်ပါက မိဘ/အုပ်ထိန်းသူများက တာဝန်ခံရမည့်ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍သိကောင်းစရာ။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၅ )　　၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်အရာရှိက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးကြေညာချက်များကို အလေးထားလိုက်နာရန်ကိစ္စညွှန်ကြားချက်တို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် အခန်း(၁၇)ခန်းနှင့် နည်းဥပဒေ ၁၃၈ ခုပါဝင်ပြီး ယင်းနည်းဥပဒေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇-၃-၂၀၁၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၀ဖြင့် ထုတ်ပြန်ခဲ့သောတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ရုပ်သိမ်းကြောင်းတွေ့ရှိရပါသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အခန်း (၁၂)၊ နည်းဥပဒေ ၆၆ မှ နည်းဥပဒေ ၇၈ တို့တွင် အီလက်ထရောနစ်မဲပေးစက်ဖြင့်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားပါသည်။

အီလက်ထရောနစ်မဲပေးစက်( Electronic Voting Machine -EVM)တစ်စုံတွင် ထိန်းချုပ်စက် (Control Unit -CU)၊ ဆန္ဒပြုစက် (Ballot Unit -BU)၊ မဲပေးချက်ဖော်ပြသည့်စက် (Verification Unit -VU)တို့ ပါဝင်ရမည်ဖြစ်ကြောင်း၊ အီလက်ထရောနစ်မဲပေးစက်၏ပုံစံနှင့်ပါဝင်ရမည့်စက်ပစ္စည်းများနှင့် အီလက်ထရောနစ်မဲပေးစက်တွင်အသုံးပြုဖော်ပြသည့်ဘာသာစကားသည် ကော်မရှင်က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်ဖြစ်ကြောင်း၊ သာမန်အားဖြင့် မဲရုံတစ်ရုံလျှင် လွှတ်တော်တစ်ရပ်စီနှင့်တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်တစ်နေရာစီအတွက် အီလက်ထရောနစ်မဲပေးစက်တစ်စုံစီ ထားရှိရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မဲရုံမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသောမဲရုံအဖွဲ့ဝင်သည် ဆန္ဒမဲပေးသူများအား ယင်းတို့နှင့်သက်ဆိုင်သည့်နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများယူဆောင်လာခြင်းမရှိစေရေးအတွက် မဲရုံအတွင်းမဝင်ရောက်မီစစ်ဆေးရမည်ဖြစ်ပါသည်။

မဲရုံမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသောမဲရုံအဖွဲ့ဝင်သည် ဆန္ဒမဲပေးမည့်သူအား ဆန္ဒမဲပေးခွင့်မပြုမီ မဲစာရင်းပါဆန္ဒမဲပေးမည့်သူအား ဆန္ဒမဲပေးခွင့်မပြုမီ မဲစာရင်းပါဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏အမည်မှန် မမှန်၊ ယင်းကိုင်ဆောင်ထားသောနိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်တို့ဖြင့်တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက မဲစာရင်းပုံစံ(၁)တွင် လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဝဲလက်မလက်ဗွေနှိပ်ခြင်း ပြုလုပ်စေရမည်ဖြစ်ပါသည်။

အီလက်ထရောနစ်မဲပေးစက်ဖြင့်ဆန္ဒမဲပေးရာတွင် မဲရုံမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသောမဲရုံအဖွဲ့ဝင်သည် ထိန်းချုပ်စက်ရှိ(Ballot)ခလုတ်ကိုနှိပ်၍ မဲဆန္ဒရှင်အား မဲပေးခွင့်ပြုရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးမည့်သူသည် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်ရောက်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိဆန္ဒမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသား

တည့်တည့်တွင်ရှိသောဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပြီး ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသောမဲပေးချက်ဖော်ပြသည့်စက်မှပြသသည့် ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတို့ကို ကြည့်ရှုနိုင်ကြောင်း၊ မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် သတ်မှတ်ညွှန်ကြားထားသည့် အတိုင်း မင်တို့သည့်စနစ်ကိုကျင့်သုံးရမည်ဖြစ်ပြီး မဲပေးပြီးသူတိုင်းသည် မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာရမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးသူသည် ဆန္ဒပြုစက်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမပြုတတ်လျှင်လည်းကောင်း သက်ဆိုင်ရာမဲစာရင်း၌ ပါရှိသောမဲဆန္ဒရှင်၏ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦးကဖြစ်စေ၊ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးကဖြစ်စေ ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း ဆန္ဒပြုခလုတ်ကို နှိပ်၍ ဆန္ဒပြုပေးရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာမဲစာရင်း၌ပါရှိသောမဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူ ကိုယ်တိုင်ရွေးချယ်သူတစ်ဦး၏အကူအညီဖြင့် ဆန္ဒပြုခြင်းကိုလည်း ခွင့်ပြုရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အီလက်ထရောနစ်မဲပေးစက်ဖြင့်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ငံပိုင်သင်္ဘောသိမ်းဆည်းခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် The Myanmar Registration of Ship Act ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သင်္ဘောအမည် - FRCL 6၊ အလံတင်နိုင်ငံ - မရှိ၊ IMO နံပါတ် - မရှိ၊ ဖမ်းဆီးသည့်နေရာ - ဖျာပုံမြို့၏ အရှေ့တောင်ဘက် ၂၆ မိုင်၊ သင်္ဘောအမျိုးအစား- သဲ/နုန်းတင်ရေယာဉ်၊ ကိုယ်ထည်အရောင် - ဝမ်းဗိုက်နီညိုရောင်နှင့် အပြာရောင်ကိုယ်ထည်၊ အခြားအချက်အလက်များ - အလျား ၁၇၇ ပေ၊ အနံ ၃၈.၄ ပေ၊ ရေစူး ၉.၆ ပေ ရှိ သင်္ဘောကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရပိုင်ပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့် စပ်လျဉ်းသည့်အမိန့်ကြော်ငြာစာကို ၂၇-၈-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၂၂/ ၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

မည်သူမဆို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သင်္ဘောကို ပိုင်ဆိုင်ကြောင်းအထောက်အထား (ဥပမာ-သင်္ဘောမှတ်ပုံတင်၊အရောင်း/အဝယ်စာချုပ်)၊ လျှောက်ထားသူ၏ မှတ်ပုံတင်နှင့် ဆက်သွယ်ရန်အချက်အလက်စသည့် ခိုင်လုံသောသက်သေခံအထောက်အထားများဖြင့် ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

အထက်အပိုဒ်ပါအချက်နှင့်အညီသတ်မှတ်ကာလအတွင်း တင်ပြလျှောက်ထားမှုမရှိပါက သင်္ဘောကို နိုင်ငံပိုင်ပစ္စည်းအဖြစ်သိမ်းဆည်းပြီးဖြစ်သည်ဟုမှတ်ယူရမည်ဖြစ်ကြောင်း သိရှိစေလို၍ အဆိုပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊
ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်နွယ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက် (Pilot Project) အကောင်အထည်ဖော်ဆောင်ရွက်မှုများအကြောင်း သိကောင်းစရာ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ဦးဆောင်လမ်းညွှန်မှုဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်နွယ်သောလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်အားရေးဆွဲကာ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ Pilot Project အနေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ကျူးလွန်လေ့ရှိသည့်အွန်လိုင်းလိမ်လည်မှုပုံစံ (၉)မျိုးကို တွေ့ရှိရပြီး အဓိကအားဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းနိုင်ရန် အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် နှင့် နယ်စပ်ဖြတ်ကျော် တရားမဝင် ဝင်ရောက်မှုမရှိစေရေး တားဆီးထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်နွယ်သောလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်(Pilot Project)ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ၂၀၂၂ ခုနှစ်တွင် ပြင်ဆင်အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး နှင့် လူကုန်ကူးခံရသူများအားအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး နှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်း ကော်မတီ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် အခြားလိုအပ်သောကော်မတီတို့ကို ဥပဒေ အသစ်အရ ဖွဲ့စည်းထားပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၆)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလဖြစ်ပါသည်။ ယခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအားအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ၂၀၂၅ခုနှစ် ဇွန်လတွင်လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅)ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း ကျင်းပခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဇန်နဝါရီလမှဇွန်လ ၂၀ ရက်နေ့အထိ လူကုန်ကူးမှု ၈၀ မှု၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် ၄၂ မှု အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘမ်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင်ကျရောက်သော (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ရည်ရွယ်ချက်(၄)ရပ် ချမှတ်ထားရှိပြီး ဆောင်ပုဒ်အဖြစ် “လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့” ဟု သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်သူလူထု၏သတင်းပေးကူညီမှုများဖြင့် လူကုန်ကူးမှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ကာ ထိရောက်သည့်ပြစ်ဒဏ်များချမှတ်နိုင်ရေးအတွက်ဆောင်ရွက်ရန်တာဝန်ရှိကြကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊<br>အစိုးရအဖွဲ့အစည်းများအတွက်အမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်; www.moi.gov.mm/index.php/news/74840

www.moi.gov.mm/index.php/news/74517

www.moi.gov.mm/index.php/news/73806

www.moi.gov.mm/index.php/news/71462

## ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် မြေငှားရမ်းကာလကို ၉၉ နှစ် ထိ တိုးမြှင့်ခွင့်ပြုနိုင်သည့်ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်း

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊သမ္မတ Ferdinand R.Marcos Jr. သည် ရင်းနှီးမြှုပ်နှံသူများ၏မြေငှားရမ်းခြင်းဆိုင်ရာအက်ဥပဒေ (The Investors' Lease Act)ကို ပြင်ဆင်သည့် Republic Act. No. 12252 ("RA 12252") ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါဥပဒေသည် အထူးသဖြင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူအနေဖြင့် ငှားရမ်းအသုံးပြုနိုင်သည့် မြေငှားရမ်းကာလကို တိုးမြှင့်ခွင့်ပြုရန် ပြင်ဆင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး ဥပဒေအာဏာသက်ဝင်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဥပဒေကိုအကောင်အထည်ဖော်မည့် နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနက ထုတ်ပြန်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခင် Investors' Lease Act အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ကနဦးငှားရမ်းကာလ ၅၀ နှစ်နှင့် သက်တမ်းတိုး ၂၅ နှစ်၊ စုစုပေါင်း ၇၅ နှစ်အထိ ငှားရမ်းခွင့်ပြုနိုင်သော်လည်း ယခုပြင်ဆင်သည့် RA 12252 အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ငှားရမ်းကာလစုစုပေါင်း ၉၉ နှစ်အထိခွင့်ပြုထားပါသည်။ သို့ရာတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်လုံခြုံရေးအတွက် အခြေခံဖြစ်သောအရေးကြီးအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် ကာလရှည်ခွင့်မပြုဘဲ ငှားရမ်းကာလတိုသတ်မှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် RA 12252 အရ ခရီးသွားစီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် အနည်းဆုံးရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းရှိရမည်ဖြစ်ပြီး အဆိုပါပမာဏ၏၇၀%ကို အငှားစာချုပ်ချုပ်ဆိုပြီး သုံးနှစ်အတွင်းမြှုပ်နှံထားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခင် Investors' Lease Act တွင် ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာလိုအပ်ချက်များကို အတိအလင်းဖော်ပြထားခြင်းမရှိသော်လည်း RA 12252 အရ နှစ်ရှည်ငှားရမ်းခြင်းအတွက်ခွင့်ပြုရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အထူးဥပဒေ

များအရမှတ်ပုံတင်ထားပြီး အတည်ပြုခွင့်ပြုထားသောသူများဖြစ်ရမည်ဖြစ်ကြောင်း အတိအလင်း ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် Investors’ Lease Act တွင် ထပ်ဆင့်ပြန်လည်အငှားချထားခြင်းဆိုင်ရာစည်းမျဉ်းများကို အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသော်လည်း RA 12252 တွင် ငှားရမ်းခြင်းစာချုပ်တွင် တားမြစ်ထားခြင်းမရှိပါက အငှားချထားသူ၏ခွင့်ပြုချက်ဖြင့် အငှားချထားခြင်းခံရသူသည် အဆိုပါ ငှားရမ်းထားသည့်မြေအား တစ်ဆင့်ပြန်လည်အငှားချထားနိုင်ပြီး ထပ်ဆင့်ငှားရမ်းသည့်စာချုပ်များအားလုံးကို မှတ်ပုံတင်ရမည်ဖြစ်သည်ကိုလည်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။

ယခင်အက်ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုကို သုံးနှစ်အတွင်းမစတင်ပါက စာချုပ်ရပ်စဲရမည်ဖြစ်သော်လည်း ယခုပြင်ဆင်သည့် RA 12252 အရ ရင်းနှီးမြှုပ်နှံသူသည် သုံးနှစ်အတွင်း စီမံကိန်းကို စတင်ရန်ပျက်ကွက်ပါက သက်ဆိုင်ရာအစိုးရအာဏာပိုင်က ငှားရမ်းသူကို သတ်မှတ်ကာလအတွင်း စီမံကိန်းစတင်ရန်နှင့်နှောင့်နှေးကြန့်ကြာရသည့်အကြောင်းရင်းကို ဦးစွာရှင်းလင်းတင်ပြရန် အမိန့်ထုတ်ပြန်ရမည်ဖြစ်ပြီး ယင်းအမိန့်ကိုလိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရ ရပိုင်ခွင့်အားလုံးကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ရာ ယခုပြင်ဆင်သည့် RA 12252 သည် မြေငှားရမ်းကာလကို တိုးမြှင့်ခွင့်ပြုသော်လည်း မြေငှားရမ်းစာချုပ်များကို သေချာမှုရှိစေရေးအတွက် ပိုမိုတင်းကြပ်သည့်မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ လုပ်ငန်းသဘာဝအရ လုပ်ငန်းစတင်ရန်ခက်ခဲသည့် အခြေအနေများအတွက် စာချုပ်ရပ်စဲခြင်းအစား ပြန်လည်ကုစားဆောင်ရွက်နိုင်မည့်အချက်များကို ပိုမိုတိကျစွာ ပြဋ္ဌာန်းထားကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://insightplus.bakermckenzie.com/bm/projects/philippines-president-ferdinand-marcos-jr-signs-amendment-to-investors-lease-act#:~:text=signed%20Republic%20Act.,to%20certain%20requirements%20and%20conditions
- https://elegal.ph/briefer-r-a-no-12252/

## New Jersey ၏ Gloucester မြို့နယ်တွင် ကလေးများသည် ဥပဒေချိုးဖောက်ပါက မိဘ/အုပ်ထိန်းသူများက တာဝန်ခံရမည့်ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ သိကောင်းစရာ

မကြာသေးမီက New Jersey၏ Gloucester မြို့နယ်တွင် ပြဋ္ဌာန်းချက်အသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ မိဘများနှင့်အုပ်ထိန်းသူများမှ ၎င်းတို့၏ကလေးအား ဥပဒေချိုးဖောက်ခြင်းမှ တားဆီးရန်ပျက်ကွက်ပါက မိဘများနှင့်အုပ်ထိန်းသူများအပေါ်ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

Gloucester မြို့နယ်ကောင်စီသည် ဇူလိုင်လ ၂၈ ရက်နေ့က ယင်းအမိန့်ကိုအတည်ပြုခဲ့ပြီး ရဲတပ်ဖွဲ့က အဆိုပါအမိန့်နှင့်ပတ်သက်သည့်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် မျှဝေခဲ့ပါသည်။ ရာဇဝတ်မှုမှအသေးအဖွဲ့အထိကျူးလွန်သည့် ပြစ်မှု ၂၈ မှုရှိပြီး အရွယ်မရောက်သေးသူ ကျူးလွန်ပါက မိဘများ၊တရားဝင်အုပ်ထိန်းသူများနှင့် အသက် ၁၈ နှစ်အောက်ကလေးများကို စောင့်ရှောက်ပေးသူများသည် ဥပဒေအရ ပြစ်ဒဏ်ကျခံရနိုင်ပါသည်။ ကလေးတစ်ဦးသည် ကလေးသူငယ်တရားရုံးတွင် အကြိမ်များစွာပြစ်မှုတစ်ခုခုကျူးလွန်ကြောင်းတွေ့ရှိပါက ၎င်းတို့၏မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ထောင်ဒဏ် ရက် ၉၀ အထိ သို့မဟုတ် ဒဏ်ငွေဒေါ်လာ ၂၀၀၀ အထိ ချမှတ်ခံရနိုင်ပါသည်။

Gloucester မြို့နယ်ကောင်စီ၏အမိန့်အရ ပြစ်မှုများမှာ ရာဇဝတ်မှု၊ ကြီးလေးသောရာဇဝတ်မှု၊ ရာဇဝတ်မှု သို့မဟုတ် အခြားပြစ်မှု၊ ပြည်နယ်ဥပဒေ သို့မဟုတ် စည်ပင်သာယာရေးဥပဒေတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပြစ်မှုဆိုင်ရာအရေးယူမှု၊ စည်းမဲ့ကမ်းမဲ့ဖြစ်ခြင်း ၊ဖြစ်ရိုးဖြစ်စဉ်လစ်ဟင်းမှု၊ အကြိမ်ကြိမ်စည်းကမ်းဖောက်ဖျက်မှု၊ အကျင့်ပျက်မှု၊ သူခိုး သို့မဟုတ် ယုတ်မာသော သို့မဟုတ် အကျင့်ပျက်သူများကိုသိလျက်နှင့် ပေါင်းသင်းခြင်း၊ ပျင်းရိခြင်း သို့မဟုတ် ဆိုးသွမ်းစွာ ကြီးပြင်းခြင်း၊ လောင်းကစားနေရာများသို့ လှည့်လည်ကြည့်ရှုခြင်း သို့မဟုတ် ပံ့ပိုးပေးခြင်း၊ ညဘက် လမ်းမပေါ် လျှောက်လည်ခြင်း၊ ကျောင်းပြေးခြင်း၊ ထိုကလေးငယ်၏ကိုယ်ကျင့်တရား၊ ကျန်းမာရေး သို့မဟုတ် အထွေထွေကျန်းမာရေးကို ထိခိုက်စေသောနေရပ်သို့ ပြန်ပို့ခြင်း၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၃၉ အရ တိုင်းနှင့်ပြည်နယ်အားလုံးအပါအဝင် မော်တော်ယာဉ်လုပ်ငန်းဆောင်ရွက်မှုနှင့် မော်တော်ယာဉ်

အသုံးပြုမှုတွင် ဖောက်ဖျက်ကျူးလွန်မှုများ၊ မူးယစ်ဆေးဝါး သို့မဟုတ် အခြားမူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲခြင်း၊ ဂရပ်ဖစ်တီ အပါအဝင် အခြားသူ၏ပိုင်ဆိုင်မှုကိုဆန့်ကျင်ခြင်း၊ သူတစ်ပါး၏ဥစ္စာကို ဖျက်ဆီးခြင်း၊လိမ်လည်ခြင်း၊တိုက်ခိုက်ခြင်း၊ တိုက်ခိုက်ပြီး ထိခိုက်စေခြင်း၊ အများသူငှာလမ်းများ၊ အဝေးပြေးလမ်းများ သို့မဟုတ် လမ်းကြားများတွင် သုံးယောက် သို့မဟုတ် ထို့ထက်ပို၍ အုပ်စုဖွဲ့ လုယက်ခြင်း၊ မြို့နယ်၊ ခရိုင် သို့မဟုတ် ပြည်နယ်အစိုးရများကပိုင်ဆိုင်သည့် အများပြည်သူပိုင်ပစ္စည်း များကို ခိုးယူဖျက်ဆီးခြင်း၊ ကစားကွင်းနှင့် အများပြည်သူသုံးပန်းခြံများကို ဖျက်ဆီးခြင်း၊အများသူငှာ လမ်းပေါ်တွင် အရက်ယမကာ သောက်သုံးခြင်း၊ သောက်စားမူးယစ်ခြင်း၊ တောင်းရမ်းခြင်း၊ မိဘ၊ တရားဝင်အုပ်ထိန်းသူ သို့မဟုတ် အသက် ၁၈ နှစ်အောက် အရွယ်မရောက်သေးသောကလေးအား ပြုစုစောင့်ရှောက်ခြင်း သို့မဟုတ် အုပ်ထိန်းမှုရှိသူမှ ကြီးကြပ်မှုကင်းမဲ့ခြင်း၊ မဖွယ်မရာထိတွေ့ခြင်း စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.cbsnews.com/philadelphia/news/gloucester-township-minors-parent-responsibility-ordinance/

**ဥပဒေရေးရာဝန်ကြီးဌာန၏ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

